# ၆။ သီလက အသက်ထက် တန်ဖိုးကြီးပါတယ်

ဆရာတော် ။ ။ သီဟိုဠ်တစ်ကျွန်းလုံး ဒုဋ္ဌိက္ခန္တရကပ်ကြီး ဆိုက်ရောက်နေတုန်းက အကြောင်းအရာတစ်ခုကို ပြောပြဦးမယ်နော်။

Dr. အောင်သူ ။ ။ မှန်ပါဘုရား။

ဆရာတော် ။ ။ သက်တော်ရှယ်တော်ကြီး မထေရ်မြတ်ကြီးတစ်ပါးက အကြောင်းကိစ္စတစ်ခုကြောင့် ခရီးကြွတော်မူပါတယ်။

M.Sc ကျောင်းသား ။ ။ ကပ်ဘေးကာလကြီးမှာ ခရီးကြွတော်မူတာပါလားဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်။ ဆရာတော်ကြီးက အသက်အရွယ်လည်းကြီး၊ ခရီးလည်းပန်း၊ အာဟာရလည်း ပြတ်လပ်တဲ့အတွက် နွမ်းနယ်ပြီး လမ်းခရီးတစ်ဝက်မှာ နားနေတော်မူပါတယ်။

Dr. အောင်သူ ။ ။ ရှေ့ကို ဆက်မကြွနိုင်လောက်အောင်ကို အားကုန်သွားတာ ထင်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဟုတ်တယ်၊ ဒါကြောင့် လမ်းဘေး သရက်ပင်ကြီးအောက်မှာ နားနေတော်မူပါတယ်။ သရက်ပင်

အောက် မြေပြင်ပေါ်မှာတော့ သရက်သီးမှည့်တွေ ကြွေကျနေလိုက်တာ အားကြီးပဲ။ ဆာလောင်မွတ်သိပ်လွန်းတဲ့အတွက် ဘုဉ်းပေးတော်မူလိုလှပါသော်လည်း အကပ်ခံထားတာ မဟုတ်တဲ့အတွက် ဘုဉ်းပေးတော်မမူဘူး။ မိမိရဲ့ ရဟန်းသီလကို ဆင်ခြင်ပြီး မျိုသိပ်တော်မူပါတယ်။

M.Sc ကျောင်းသား ॥ ॥ ဆရာတော်ကြီးမှာ ကပ္ပိယ မပါဘူးလားဘုရား။

ဆရာတော် ॥ ॥ မပါဘူး မောင်ကျောင်းသား။

Dr. အောင်သူ ॥ ॥ ဒါဆိုရင် အာဟာရပြတ်ပြီး ပျံလွန်တော်မူဖို့ပဲ ရှိပါတော့မယ်ဘုရား။

ဆရာတော် ॥ ॥ မှန်ပါတယ်၊ မထေရ်ကြီးက မိမိရဲ့သီလကိုသာ အသက်ထက်ပိုပြီး စောင့်ရှောက်ဖို့ သန္နိဋ္ဌာန်ချတော်မူလိုက်ပါတယ်။

Dr. အောင်သူ ॥ ॥ စားစရာ သရက်သီးအမှည့် လက်တစ်ကမ်းမှာရှိနေပါသော်လည်း သီလချိုးဖောက်ပြီး ဘုဉ်းတော်မမူဘဲ အသက်သာအသေခံဖို့ ဆုံးဖြတ်တော်မူတာ ကြည်ညိုမဆုံးပါဘုရား။

---

ကျမ်းညွှန်း

* စတုပါရိသုဒ္ဓိသမ္ပာဒနဝိစိဝဏ္ဏနာ၊ သီလနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (နှာ-၇၁)